## အသုံးမပြုမီ ဆေးအညွှန်းကို သေချာစွာဖတ်ပါ။

ပီကာဒါ ၂၀ အက်(စ်)အယ်(လ်)သည် သီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သော စုပ်စားပိုးများကို နှိမ်နင်းရာတွင် ထိရောက်မှုရှိသော ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးဖြစ်ပါသည်။

### သုံးစွဲရန်အညွှန်း

| သီးနှံ | နှိမ်နင်းနိုင်သောပိုးများ | နှုန်းထား (စီစီ/ဧက) | စီစီ/ ရေ(၂၀)လီတာ | ဆေးဖျန်းပြီး ရိတ်သိမ်းရန် စောင့်ဆိုင်းရက် |
|---|---|---|---|---|
| ကြံ | ခြ | ၈၀ – ၁၂၀ | ၁၀ – ၁၅ | ၁၄ |
| ပဲမျိုးစုံ | ယင်ဖြူ | ၈၀ – ၁၂၀ | ၁၀ – ၁၅ | ၁၄ |
| ဝါ | ပျ၊ လေ့ုးပိုး၊ ကျိုင်း၊ ဂျပိုး | ၈၀ – ၁၂၀ | ၁၀ – ၁၅ | ၂၁ |
| ငရုတ်၊ ခရမ်း | ပျ၊ လေ့ုးပိုး၊ ယင်ဖြူ | ၆၀ – ၈၀ | ၈ – ၁၀ | ၇ |
| ခရမ်းချဉ် | ပျ၊ လေ့ုးပိုး၊ ယင်ဖြူ | ၆၀ – ၈၀ | ၈ – ၁၀ | ၃ |
| ဘူး၊ ဖရုံ၊ သခွား | ပျ၊ လေ့ုးပိုး၊ ယင်ဖြူ | ၆၀ – ၈၀ | ၈ – ၁၀ | ၁ |
| အာလူး | ကျိုင်း၊ ရွက်ထွင်းပိုး | ၈၀ – ၁၂၀ | ၁၀ – ၁၅ | ၇ |
| ဟင်းသီးဟင်းရွက်၊ မုန်လာဥနီ | ပျ၊ ရွက်ထွင်းပိုး | ၈၀ – ၁၂၀ | ၁၀ – ၁၅ | ၇ |
| ဆေးရွက်ကြီး | ဖြုတ် | ၈၀–၁၂၀ | ၁၀ – ၁၅ | ၁၄ |

မှတ်ချက်။ ။ တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ( ၈ )ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ– ၁၂ နာရီ
- ဆေးဖျန်းခြားရက် – (၁၀–၁၄)ရက်
- သီးနှံတစ်ရာသီတွင် ပက်ဖျန်းနိုင်သောအကြိမ်ရေ– (၂–၃)ကြိမ်

ပျားများကို အဆိပ်သင့်စေနိုင်သောကြောင့် ပန်းလိုင်လိုင်ပွင့်ချိန် ဆေးဖျန်းခြင်းမှ ရှောင်ကြဉ်ပါ။ ပီကာဒါ ၂၀ အက်(စ်)အယ်(လ်)ကို မြေအောင်းပိုးများ နှိမ်နင်းရန်အတွက် မျိုးစေ့လူးနယ်ဆေးအဖြစ် မျိုးစေ့တစ်ပိဿာလျှင် ဆေး (၃၀)စီစီနှုန်းဖြင့် လူးနယ်စိုက်ပျိုးနိုင်ပါသည်။

BURONOS

# PICADOR 20 SL

# ပီကာဒါ

## ၂၀ အက်(စ်)အယ်(လ်)

## ပင်လုံးပြန့်ပိုးသတ်ဆေးရည်

အစွမ်းရှိပစ္စည်း : **Imidacloprid** ............. 20% w/v

အစွမ်းမဲ့ပစ္စည်း : ....................................... 80% w/v

ဆေးအုပ်စု – **Neonicotinoid**



ဖြန့်ချိသူ BURONOS **ဘူရုနိုစ် ပရိုက်ဗေ့(ထ်) ကုမ္ပဏီလီမိတက်**
( BURONOS PRIVATE COMPANY LIMITED )
အမှတ်(၅၉/၆၁)၊ (ခြံအမှတ်–E)၊ မဟာဝိဇ္ဇာမိုရ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ထုတ်လုပ်သူ **ZENITH CROP SCIENCES BULGARIA LTD**
75-83, DIMITAR MANOV STR., SOFIA 1408, BULGARIA

**1000 cc**

အဆိပ်ဖြစ်မှုအဆင့်အတန်း GHS အုပ်စု( – )

## ကလေးများလက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ။

### သတိပြုရန်

- ဤဆေးကိုအသုံးပြုပါက လက်အိတ်၊ မျက်ကာမှန်နှင့် အကာအကွယ်ပေးနိုင်သည့်အဝတ်များကို ဝတ်ဆင်အသုံးပြုပါ။
- ဆေးကိုအသုံးပြုနေစဉ်အတွင်း အစာစားခြင်း၊ ရေသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ရမည်။
- ဆေးကို သုံးစွဲပြီးပါကလည်း ဆေးထိသောခန္ဓာကိုယ်အစိတ်အပိုင်းများကို ရေ၊ ဆပ်ပြာတို့ဖြင့် ကောင်းစွာဆေးကြောပါ။
- ဆေးဖျန်းရာတွင်ဝတ်ဆင်သည့် အဝတ်အစားများကို လျှော်ဖွတ်နေလှန်းပြီးမှ ပြန်လည်ဝတ်ဆင်ပါ။

### သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

- လေဝင်လေထွက်ကောင်းမွန်သောနေရာ၊ အေးမြခြောက်သွေ့သောနေရာတွင် လုံခြုံစွာသိမ်းဆည်းပါ။
- အစားအစာများ၊ စားသောက်ဖွယ်ရာများ၊ ချက်ပြုတ်ပစ္စည်းများနှင့် နီးကပ်စွာရောနှောမထားရပါ။
- ဆေးအကြွင်းအကျန်များကို မြေမြှုပ်ဖျက်ဆီးပါ။ ဆေးဘူးခွံများကို ပြန်မသုံးပါနှင့်။ ဆေးဖျန်းပုံးများကို သုံးရေ၊ သောက်ရေအဖြစ်အသုံးပြုလျက်ရှိသော မြစ်ချောင်း၊ အင်းအိုင်များတွင် မဆေးကြောရပါ။

### ရှေးဦးသူနာပြုစုခြင်း

- မျက်လုံးအတွင်း ဆေးဝင်မိပါက ရေသန့်များများဖြင့် ကြိမ်ဖန်များစွာဆေးကြောပစ်ပါ။
- အရေပြားပေါ်ထိမိသောနေရာကို ရေသန့်သန့်၊ ဆပ်ပြာတို့ဖြင့် သေချာစွာ ဆေးကြောပေးပါ။
- ဆေးမျိုချမိပါက အော့အန်အောင် မပြုလုပ်ပါနှင့်။ လူနာကို အသက်ရှုလမ်းကြောင်းပွင့်အောင် ကူညီပေးပါ။ ဆရာဝန်ထံ အမြန်ဆုံးပို့ဆောင်ကုသပေးပါ။

မှတ်ပုံတင်အမှတ် **F 2019 - 2137**

ထုတ်လုပ်မှုအမှတ်စဉ်

ထုတ်လုပ်သည့်ရက်စွဲ

သက်တမ်းကုန်ဆုံးမည့်ရက်စွဲ

